# အခန်းနံပါတ် ၆

မိုးကောပြင်

# အခန်းနံပါတ် ၆

## မိုးကျော်ဇင်

## ဇွန်မိုးစက်များ၊ လူငယ်တစ်ယောက်နှင့် အခန်းနံပါတ် ၆

( ၁ )

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ သံသရာလှည်းဘီးဟာ နောက်တစ်ပတ်ပြန်လည်လာသလိုပါပဲ။ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်က ဒီလိုဇွန်လရဲ့ မိုးရေစက်တွေအောက်မှာ ကျွန်တော့်ရဲ့ ဘဝခရီး စတင်ခဲ့ပါတယ်။ ကျွန်တော့်မှာ မေမေဝယ်ပေးထားတဲ့ အပြာရောင် ကျောပိုးအိတ်လေး တစ်လုံးပဲ ပါလာပါတယ်။ အဲဒီ ကျောပိုးအိတ်ထဲမှာ ဆယ်တန်း အောင်လက်မှတ်လေး တစ်စောင် တိတ်တဆိတ် ပုန်းခိုလို့ပေါ့။ တကယ်တော့ အဲဒီ လက်မှတ်ကလေး တစ်စောင်ကသာ ကျွန်တော့်ဘဝ ရထားရဲ့ စက်ခေါင်းတစ်ခုပါပဲ။

ရန်ကုန်မြို့လယ်က အဆောင်တစ်ဆောင်ရဲ့ အခန်းကျဉ်းလေးထဲ အိပ်မက်တွေကို စတင်ပျိုးထောင်နေချိန်၊ တစ်နေ့တော့ တခြားအဆောင်သား တစ်ယောက်ရဲ့ စာအုပ်တစ်အုပ် ကျွန်တော့် ခုတင်ပေါ် ရောက်လာပါတယ်။ အဲဒီ စာအုပ်ကတော့ ... မောင်ကိုကို( အမရပူရ )ရဲ့ စာအုပ်ပါပဲ။ အဲဒီမှာ "ဘော်ဒါဆောင်" ကို သွားတွေ့ပါတယ်။ ဘော်ဒါဆောင် ... ဘော်ဒါဆောင်။ တစ်ဆက်တည်းမှာပဲ ကျွန်တော့်ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်နေ ခဲ့တာပေါ့။

နောက်ထပ် နှစ်အနည်းငယ်ကြာတော့ ဆရာသစ္စာနီရဲ့ "အလွမ်းမပါတဲ့ ပြဇာတ်"။ နောက်ထပ် နှစ်အနည်းငယ်ကြာတော့ နုနုရည်( အင်းဝ )ရဲ့ "နမ်းမှာလားမောင်ရဲ့ မွေးတယ်ရှင်"။ ဒီဝတ္ထုတွေဟာ တစ်ပုဒ်နဲ့တစ်ပုဒ်

အကြောင်းအရာတွေ၊ ပုံသဏ္ဍာန်တွေ၊ တင်ပြပုံတွေ မတူညီကြပါဘူး။ ဒါပေမဲ့ ဘော်ဒါဆောင်လေးတွေမှာ အရိပ်လာခိုကြသူတွေ အချင်းချင်းကြားက အဖြစ်အပျက်တွေကို အခြေခံ ထားကြတာပါ။ ကျွန်တော် ဝန်ခံပါတယ်။ အဆောင်နေ လူငယ်တစ်ယောက် ဘဝမှာ ရင်ဘတ်နဲ့ ဆီးခံခဲ့ရတဲ့ ဒီဆရာ၊ ဆရာမတွေရဲ့ အနုပညာ လက်ရာတွေဟာ ဒီ "အခန်းနံပါတ် ၆" ရဲ့ မြစ်ဖျားပါပဲ။

တောသား လူငယ်လေးတစ်ယောက် ဖြုန်းဆို မြို့ပြကြီးထဲ ရောက်လာတော့ ပတ်ဝန်းကျင် အသစ်ဟာ ... တကယ့် အစိမ်းရောင်တွေချည်းပါပဲ။ ခက်တရော် ကြမ်းရှတဲ့ အစိမ်းရောင်တွေပါ။ ဒီအစိမ်းရောင်တွေထဲကပဲ တွဲခေါ်တဲ့လက်တွေ ထွက်လာပါတယ်။ လက်ညှိုးထိုးတဲ့ လက်တွေ ထွက်လာပါတယ်။ တွန်းချတဲ့လက်တွေ ထွက်လာပါတယ်။ ပုတ်ခတ်တဲ့ လက်တွေ ထွက်လာပါတယ်။ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ပေ့ါ၊ အရာအားလုံးကို ရင်ဘတ်နဲ့ချည်း ဆီးခံခဲ့ ပြန်တာပါပဲ။ ကျွန်တော့်ဘဝမှာ ကြုံဆုံရလိမ့်မယ်လို့ အိပ်မက်တောင် မမက်ဖူးခဲ့တဲ့ လူပုဂ္ဂိုလ်တွေ၊ အဖြစ်အပျက်တွေနဲ့ လောကဓံ ခါးခါးတွေကို လက်ဆွဲ နှုတ်ဆက်ခဲ့ပါတယ်။

ဒီလိုနဲ့ နောက်ထပ် နှစ်အနည်းငယ် အကြာမှာ အဆောင်လေးကနေ ပြန်လည်ဆုတ်ခွာ ခဲ့ရပါတယ်။ နောက်ထပ် ၁၈ နှစ် အကြာမှာတော့ အဆောင်လေးနဲ့ မိုင်ပေါင်း ထောင်သောင်းချီ ဝေးကွာတဲ့ အရပ်က ပင်လယ်ပြင် တစ်နေရာမှာ ဒီဝတ္ထုကို ရေးဖြစ်ခဲ့ပါတယ်။ ( ဒါဟာ ဟာသမြောက်တယ်လို့ မိတ်ဆွေထင်ရင် လွတ်လွတ်လပ်လပ် ရယ်မောနိုင်ပါတယ်။ )

( ၂ )

ဝတ္ထုတစ်ပုဒ် ဖတ်ရပြီဆို လူတွေ မေးလေ့ရှိတာကတော့ "ဒါ ဖြစ်ရပ်မှန်လား ဆိုတဲ့ မေးခွန်းပါပဲ။ ဒီနေရာမှာ ဆရာကြီး မောင်ထင်ရဲ့ စာတမ်းတစ်ခု

တည်းက အစိတ်အပိုင်းကလေး တစ်စကို အနည်းငယ် မှီးပါရစေ။

"သရုပ်ဟူသော ဝေါဟာရသည် သရူပဟူသော ပါဠိမှ ဆင်းသက်လာသော ဝေါဟာရဖြစ်၍ တူသော အဆင်း၊ တူသော ရုပ်၊ ပကတိသဘော၊ သဘာဝတ္တုဟူသော အဓိပ္ပာယ် ရှိသည်။ မြန်မာလို ရိုးရိုးပြောသော် တကယ့်အဖြစ်အပျက်နှင့် တူသည်ဟု ပြောရလိမ့်မည်။

ထို့ကြောင့် ဘဝသရုပ်ဖော်အဖွဲ့ ဟူသည်ကား လူ့ဘဝ တကယ့်အဖြစ်အပျက်နှင့် ... တူအောင် ဖွဲ့ဆိုသော အဖွဲ့ ဖြစ်သည်။

တကယ်တော့ အခန်းနံပါတ် ၆ ဟာ တကယ့်ဖြစ်ရပ်မှန်လားလို့ မေးလာရင် ကျွန်တော် ငြင်းဆန်လိုက်မှာပါ။ ဒါဆို စိတ်ကူး ထိုးဇာတ်တွေလားလို့ မေးလာရင်လည်း ကျွန်တော် ခေါင်းယမ်းပြရမှာပါပဲ။

အခန်းနံပါတ် ၆ ထဲက လူတချို့ဟာ တကယ်ရှိခဲ့ပြီး လူတချို့ကတော့ တကယ် မရှိခဲ့ပါဘူး။ အဖြစ်ပျက် တချို့ကတော့ အမှန်တကယ် ဖြစ်ပျက်သွားခဲ့ဖူးတယ်ဆိုတာ သေချာပါတယ်။ နောက်ထပ် သေချာမှု တစ်ခုကတော့ အခန်းနံပါတ် ၆ ထဲမှာ လူငယ်တစ်ယောက် အမှန်တကယ် နေထိုင်သွားခဲ့ဖူးတယ် ဆိုတာပါပဲ။

( ၃ )

ကျွန်တော့်ကို စာပေလောကထဲ ရောက်အောင် ရွှေအသစ် စင်မြင့်မှာ စတင် နေရာပေးခဲ့တဲ့ ဆရာဦးဝင်းငြိမ်းကို ဒီနေရာကနေ ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ဒါ့အပြင် -

အခန်းနံပါတ် ၆ ထဲက လူငယ်တစ်ယောက်ကို ပြင်ပလောကထဲ ရောက်လာဖို့ ခေါ်ယူခဲ့တဲ့ မဝိုင်းရယ်၊ အခန်းနံပါတ် ၆ ရဲ့ ဝေဒနာ အတွင်းသားကို ဆွဲထုတ်ပြခဲ့တဲ့ ဆရာနေမျိုးဆေးရယ်ကို ကျေးဇူးတင်

ကြောင်း၊ ပြီးတော့ ကျွန်တော့်ကို လုံးချင်းဝတ္ထုရေးဖို့ အစဉ်တစိုက် တွန်းအားပေးခဲ့တဲ့ ဆရာဇူးကျော်ရယ်၊ မိုးကျော်ဇင်ဆိုတဲ့ နာမည်ကို ရှင်သန်ခွင့် ပေးခဲ့ကြတဲ့ အယ်ဒီတာများနဲ့အတူ စာဖတ်သူ အားလုံးကို လည်းကောင်း၊ ကျွန်တော့်ရဲ့ စာရေးသူဘဝကို နားလည်လက်ခံပေးတဲ့ ချစ်ဇနီး မဆွေဇင်လင်းကို လည်းကောင်း ကျေးဇူးမှတ်တမ်း တင်လိုက်ရပါတယ်။

လေးစားစွာ

မိုးကျော်ဇင်

***

## အပိုင်း ( က )
## လှေငယ်နှင့် ပင်လယ်

ထိုနေ့သည် စနေနေ့လည်း ဖြစ်နိုင်သည်။ တနင်္လာနေ့လည်း ဖြစ်နိုင်သလို ကြာသပတေးနေ့လည်း ဖြစ်နိုင်ပါသည်။ ဒိုင်ယာရီစာအုပ်ထားရန် အကြိမ်ကြိမ် ကြိုးစားခဲ့ဖူး သော်လည်း စာရေးပျင်းခြင်းနှင့် အမှတ်အသား ဝါသနာ မပါခြင်းတို့ကြောင့် မည်သည့် အခါမျှ ဒိုင်ယာရီစာအုပ် စာမျက်နှာ တစ်ဝက်ကျော်အောင် မရေးခဲ့ဖူးပါ။ ထိုမအောင်မြင် မပြည့်စုံသော ဒိုင်ယာရီ စာအုပ်များလည်း ကျွန်တော့်မှာ မရှိတော့ပါ။ ထို့ကြောင့် ထိုနေ့ကို မည်သည့် နေ့ရက်ဖြစ်ကြောင်း ကျွန်တော် အတိအကျ မပြောနိုင်ခြင်းပင်။

သေချာသည်ကတော့ ၂၀၀၀ ပြည့်နှစ် မေလ၏ နောက်ဆုံးနေ့ရက်များ အတွင်း ဖြစ်သည်။ ကျွန်တော့် အသက်က ၁၈ နှစ်။ အထက်တန်း အောင်လက်မှတ်လေး တစ်စောင်နှင့်အတူ။

***

( ၁ )

ထိုမနက်က ကျွန်တော် ထိုင်ကန်တော့သောအခါ မေမေ မျက်ရည်ကျသည်။ အိပ်ရာပေါ် လဲလျောင်းနေလျက်က ကျွန်တော့်ဆံပင်တွေကို ပွတ်သပ်ပြီး ဆုတွေပေး၏။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ညစဉ် ဘုရားရှိခိုးပြီး ဖေဖေနှင့် မေမေတို့ကို ကန်တော့တိုင်း ဖေဖေရော မေမေပါ ဆုတွေ တစ်ယောက်တစ်လှည့်စီ ရွတ်ဆို ဆုတောင်းပေးလေ့ ရှိသည်။ အခုလည်း ကျောပိုးအိတ်လေး ဘေးချ၍ ခရီးထွက်အံ့ဆဲဆဲ ကန်တော့သည်ကို မေမေ ဆုပေးနေပြန်သည်။ အရင်ကဆိုလျှင် "ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ဘေးရန်ကင်းပါစေ၊ အနာမျိုး ကိုးဆယ့်ခြောက်ပါးမှ ကင်းဝေးပါစေ" ဟု ပေးတတ်သည်။

အခုတော့ ထိုမျှနှင့် မလုံလောက်တော့ဟု မေမေ တွေးမိပုံရသည်။ သူတော်ကောင်း သူမြတ်လောင်းတွေနဲ့လည်း တွေ့ပါစေ၊ သွားလမ်းသာလို့ လာလမ်း ဖြောင့်ပါစေ ... ရည်မှန်းချက် ခရီးကိုလည်း ပေါက်မြောက် အောင်မြင်ပါစေ ... ငါ့သား၊ ကိုယ့်ဦးလေး စကားကိုလည်း နားထောင်နော်"

ထိုနေရာ ရောက်သောအခါ မေမေ့အသံ တိမ်ဝင်သွားသည်။ လှုပ်၍ ရနေသေးသည့် ညာဘက်လက်ဖြင့် ကျွန်တော့်ဆံပင်တွေကို ပွတ်သပ်သည်။ မေမေ့မျက်ရည်တွေက မေမေ့ ပါးပေါ်မှတစ်ဆင့် ခေါင်းအုံးပေါ် လိမ့်ဆင်းသွားကြသည်။ လေဖြတ်ခံထား ရသူတွေသည် တခြားလူတွေထက် မျက်ရည်လွယ်သည်ဟု ပြောတတ်ကြသည်။ "လေငို ငိုသည်" ဟုလည်း မညာမတာ တံဆိပ်ကပ်ပေးကြသည်။ ကျွန်တော်ကတော့ မေမေ့ပါးပြင်ပေါ်

က အခု ကျွန်တော် မြင်နေရသည့် မျက်ရည်တွေကို ရောဂါကြောင့်ဟု မည်သို့မျှ ထင်မြင်ယူဆ၍ မရ။

မမကလည်း မျက်ရည် တစမ်းစမ်းဖြင့် ကြည့်နေပြီး အထက်တန်းရောက် စ ညီငယ်ကမူ ခပ်ဝေးဝေးမှ မျက်နှာသေလေးဖြင့် လှမ်းကြည့်သည်။ ကျွန်တော့်ညီက အထက်တန်း ရောက်နေပြီ ဖြစ်သော်လည်း သူ့အသက် ၁၆ နှစ်နှင့် ယှဉ်လျှင် လူကောင်သေးသည်ဟု ထင်ရသည်။ ကျွန်တော်ကတော့ မငို။ လုံး၀ မျက်ရည်မကျသည့်အပြင် သွားရမည့် ခရီးအတွက် ပျော်ရွှင်တက်ကြွနေပုံကို မျက်နှာပေါ်မှာ တမင်လုပ်ယူ ထားလိုက်၏။ ၀မ်းနည်းကြေကွဲနေသည့် မိသားစုရှေ့တွင် ဤကဲ့သို့ အသည်းမာကြောင်း ပြသရသည့်အတွက် ဂုဏ်ယူနေသလိုလိုလည်း ဖြစ်နေသည်။

"မင်းကလည်းကွာ သားသမီး သွားခါနီး လာခါနီးကို၊ ဒါ ငိုစရာမှ မဟုတ်တာ၊ ပြီးတော့လည်း မကြာမကြာ ပြန်လာမှာပဲကို၊ ကဲ လူလေး၊ ထ ထ သွားကြရအောင်"

ဖေဖေက အခြေအနေကို ၀င်ထိန်းလိုက်သည်။

ကျွန်တော် ထထိုင်လိုက်သည်။ ခြံ၀အရောက် အိမ်ဘက်ကို ပြန်ကြည့်မိတော့ ကျွန်တော့်စိတ်တွေ ယိုင်ခနဲ ပြိုလုလု ခံစားလိုက်ရ၏။ အိမ်ကသွပ်မိုး၊ ဘေးထရံအကာနှင့် ခြေတံရှည်အိမ်မြင့် ဖြစ်သည်။ ဘေးထရံက ရေနံချေးနှင့် မတွေ့ရသည်မှာ ... သုံးလေးနှစ် ကျော်ခဲ့ပြီမို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အိမ်ခေါင်မိုး သွပ်ချပ်တချို့မှာ သံချေးရောင် လိုက်စပြုနေပြီ။ အိမ်ခေါင်မိုး၏ ရှေ့မျက်နှာစာပေါ်မှာ အုန်းလက်တချို့ နိမ့်ဝဲလျက်။ အုန်းလက်ပေါ်မှာ စာဘူးတောင်း ကလေးက တွဲလောင်းကျလျက်။

ဖေဖေ စိုက်ထားသည့် သံပရိုပင်တွေက အိမ်ခြံစည်းရိုးအတိုင်း ပတ်ပတ်လည် ရှိနေသေးသည်။ ထိုသံပရိုပင်တွေကို ညနေတိုင်း

ရေလောင်းရသည်က ကျွန်တော့်တာဝန်။ အိမ်ရှေ့ဘက် ခြံစည်းရိုးနှင့် ကပ်နေသည့် အုတ်စီရေတွင်း နီကြင်ကြင်လေးပေါ် သွပ်ရေပုံးလေးက ကြိုးခွေတန်းလန်းလေးဖြင့် မှောက်လျက်။

ကျွန်တော် မွေးဖွားချိန်မှ အခု ၁၈ နှစ်သား ရောက်လာသည့်တိုင်အောင် ကျင်လည်ကျက်စား ပျော်မြူး ခုန်ပေါက်ခဲ့သည့် နေရာရပ်ဝန်းတွင် သတိရစရာ အထိမ်းအမှတ်တွေက နေရာအနှံ့ ပေါက်ရောက် စိမ်းစိုနေကြပါပကော။

အိမ်နီးချင်းတွေက လှမ်းအော် နှုတ်ဆက်ကြသည်။ ခေါင်းရင်းခြံမှ အဘိုးနှင့် အန်တီကို ခြံရှေ့မှအဖြတ် ထပ်မံ အော်နှုတ်ဆက် ခဲ့ကြသေး၏။ ကျွန်တော်တို့ ရပ်ကွက်ကလေး၏ ကျောက်ကြမ်းလမ်းကလေးပေါ် လျှောက်ရင်း နောက်တစ်ကြိမ် ပြန်လာလျှင် ငါဟာ ဧည့်သည် တစ်ယောက် ဖြစ်နေမှာလားဟူသော အတွေးက တစိမ့်စိမ့် တိုးဝင်လာနေသည်။

ထိုအခိုက်အတန့်သည် ကျွန်တော့်အတွက် ပင်လယ်ဝသို့ လှေကလေးနှင့် ထွက်လာခဲ့ခြင်း ဖြစ်ကြောင်း ထိုစဉ်က ကျွန်တော် မသိနိုင်ခဲ့။

***

အစုန်၊ အဆန် အမြန်ရထား နှစ်စင်းသာရပ်သော၊ ကုန်တွဲရထားများနှင့် စာပို့ရထားများသာ ရပ်သော တောမြို့ဘူတာလေး၏ မေလ မနက်ခင်းသည် ခရီးသည်များ၊ လိုက်လံပို့ဆောင်သူများ၊ လာရောက်ကြိုဆို သူများဖြင့် အစီအစဉ် မကျစွာ စည်ကားဆူညံ နေကြသည်။ ဘူတာလေး၏ စင်္ကြံမှာ အင်္ဂတေချပ်တွေ ကွာလန်နေကြသည်။ ကျွန်တော်တို့မြို့ရှိ လူသိများသော ရွှေဆိုင်တစ်ဆိုင်၏ အမည်ကို ကမွည်းထိုးထားသည့် ကျောကပ်ထိုင်ခုံလုလုလေးတွေက ဆေးသား ပြယ်လွင့်နေပြီ။ မနက်ခင်း ၇ နာရီ ၃၀ မိနစ်တွင် တောမြို့ဘူတာလေးကို ဆိုက်ရောက်လာမည့် အစုန် အမြန်ရထား

သည် မနက် ၉ နာရီ ကျော်လွန်သည့်အထိ ဆိုက်ရောက်မလာသေး။

သို့သော် ခရီးသွားမည့် သူများမှာ နောက်ကျလွန်းသည့် ရထားကြီးကို မငြိုငြင်ကြ။ ဖြစ်လေ့ဖြစ်ထရှိသည့် မှားယွင်းမှုသည် အချိန်ကြာလာလျှင် အမှန်တရားကဲ့သို့ လူတွေ၏ အတွေးထဲ နေရာရသွား တတ်သည်။

"ဘယ်သွားကြမလို့လဲ" ဟု အကြိမ်ကြိမ် အမေးခံရတိုင်း ကျွန်တော့်မှာ တွန့်ဆုတ် သွားရတတ်သည်။ "သင်္ဘောလိုက်ဖို့လေ"ဟု ဖေဖေက ဝင်ဖြေပေးလျှင် ဘာကြောင့်ရယ် မသိ၊ ကျွန်တော့်မျက်နှာ အထားရ ခက်နေခဲ့မြဲ။

"သင်္ဘောက ဘယ်တော့ တက်ရမလဲ" ဟု မသိသား ဆိုးရွားစွာ မေးခွန်းဆက်လာလျှင် ကျွန်တော့်မှာ ထွက်ပြေးသွားချင်တော့၏။ တကယ်တော့ နောက်ဆုံးမေးခွန်း၏ အဖြေကို ကျွန်တော် ကိုယ်တိုင်ပင် မသိ။ အခုမှ ပင်လယ်သို့ သွားရာလမ်းအတွက် ပထမဆုံး ခြေလှမ်းကို ပြင်ရုံသာ ပြင်ရသေးသည် မဟုတ်လား။ တကယ်တော့ ကျွန်တော်တို့ မြို့ကလေး၏ လူအထင်ကြီးသော အလုပ်အကိုင်များ စာရင်းတွင် ပင်လယ်ကူး သင်္ဘောသားအလုပ်လည်း အပါအဝင် ဖြစ်ခဲ့၏။ အထက်တန်း အောင်ပြီးစ တောမြို့သားလေး တစ်ယောက်အတွက် အနာဂတ်မှာ ရွေးချယ်စရာတွေ သိပ်များလှသည်တော့ မဟုတ်။

ဖေဖေက ဘူတာရုံးခန်းဘက် မကြာမကြာ လျှောက်သွားရင်း ရထားအခြေအနေ သတင်းအစအနကို ရလိုရငြား သွားသွားကြည့်သည်။ ကျွန်တော်က ဖေဖေ ထသွားတိုင်း ထိုင်ခုံတန်းပေါ်က ဖေဖေ့နေရာကို တခြားသူ ဝင်ထိုင်မည် စိုး၍ ကျွန်တော့် ကျောပိုးအိတ် အပြာရောင်လေးကို ချထားလိုက်သည်။ ထိုင်ခုံတန်းအောက် ထိုးသွင်းထားသည့် အစိမ်းရောင် သံသေတ္တာကြီးကို မကြာမကြာ ငုံ့ကြည့်ရသေး၏။ ထိုသံသေတ္တာကြီးက ကျွန်တော့်အတွက် အဓိကကျသည့် အရာတစ်ခု ဖြစ်နေသည်။ တကယ်

တော့ ထိုသံသေတ္တာကြီးသည် ကျွန်တော့်အတွက် သာမက ဖေဖေ့အတွက်လည်း အရေးကြီးခဲ့သော အရာတစ်ခု ဖြစ်ခဲ့သည်ပင်။

"ဒါ … ငါ သင်တန်းတက်တော့ အဖေ ဝယ်ပေးလိုက်တာ၊ ခုဆို တွက်ကြည့်စမ်း၊ ဘယ်နှနှစ် ရှိပြီလဲလို့၊ ပစ္စည်းဆိုတာ ရှိရှိသေသေကိုင်ရ တွယ်ရတယ်ကွ"

ဖေဖေ မကြာမကြာ ပြောခဲ့ဖူးသည့် စကားဖြစ်သည်။ ပြီးတော့ လွန်ခဲ့သော ငါးရက်ခန့်ကပင် ထပ်ပြောခဲ့သေးသည်။

ကျွန်တော်တို့အိမ်မှာ ကြည့်မှန်တစ်ချပ် တပ်ဆင်ထားသည့် ကျွန်းဗီရိုတစ်လုံးအပြင် ထင်းရှူးသေတ္တာ တစ်လုံးနှင့် ဒီသံသေတ္တာကြီး တစ်လုံး၊ စုစုပေါင်းသေတ္တာ နှစ်လုံးသာ ရှိသည်။

ထင်းရှူးသေတ္တာမှာ မေမေ့လုံချည်တွေ သီးသန့် ထည့်သိမ်းရာဖြစ်၍ ခြေရင်းအိမ်ခန်းတွင် ထားတတ်သည်။ သံသေတ္တာကြီးကမူ ကျွန်တော်စတွေ့ဖူးသည့် အချိန်မှစ၍ အဝတ်အစား ထည့်သိမ်းသည် ဟူ၍မရှိဘဲ ဖေဖေ့ဌာနဆိုင်ရာ စာအုပ်စာတမ်းများနှင့် ပြည့်နှက်နေတတ်သည်။ သေတ္တာအဖုံးကို ဖွင့်လိုက်လျှင် ပိုးဟပ်ချေးနံ့တွေ ခုန်ခုန်ထွက်လာသေးသည်။ ပြီးတော့ဆေးရောင်က အခုလို အစိမ်းလွင်လွင်လေး မဟုတ်၊ အမည်းရောင်မှိုင်းမှိုင်း။

လွန်ခဲ့သော သုံးရက်ခန့်ကမူ ဖေဖေက ကျွန်တော့်ကို ဒိုင်းမွန်းတံဆိပ်သဘော်ဆေး အစိမ်းရောင် တစ်ဘူးနှင့် စုတ်တံအပြားတစ်ချောင်း ဝယ်ခိုင်းသည်။ သံသေတ္တာကိုလည်း ကော်ဖတ်နှင့် ခပ်ကြမ်းကြမ်း စားခိုင်းသည်။ ပြီးတော့ အစိမ်းရောင်ဆေးကို အပေါ်က ထပ်သုတ်ခိုင်း၏။

"မင်း ရှေ့လျှောက်ပြီး ကိုယ့်အားကိုယ် ကိုးရတော့မှာ၊ လုပ်၊ ကိုယ်တိုင်ပဲလုပ်၊ ငါလိုက်လုပ် မပေးတော့ဘူး"

ကျွန်တော် သေတ္တာကို ဆေးသုတ်နေစဉ် ဖေဖေက ပြောသည်။ ကျွန်တော် ကလေးဘဝက ပန်းချီရူးသည်။ တွေ့သမျှ စာရွက်လွတ်တွေပေါ် ခဲတံတွေ၊ ဘောလ်ပင်တွေနှင့် ရေးခြစ်တော့သည်။ များသောအားဖြင့် ကျွန်တော်ဆွဲလေ့ရှိသည်မှာ ဆင်ရုပ်၊ မြင်းရုပ်များနှင့် ရှေးမြန်မာ စစ်သူကြီးပုံတွေသာ ဖြစ်သည်။ မေမေကိုယ်တိုင် ရောင်စုံခဲတံ တစ်ဖာ ဝယ်ပေးဖူး ခဲ့သေးသည်။ သို့သော် နောက်ပိုင်းမှာတော့ ကျောင်းပညာရေးဘက်ကို အားနည်းသွားလေ မလားဟု မေမေတို့ သံသယဝင်လာပြီး တားမြစ်မှုတွေ လုပ်လာသည်။ ကျွန်တော်ကလည်း ခြင်ထောင်ထဲမှာ ခိုးဆွဲသည်။ မေမေ မိသွားသောအခါ ကျွန်တော့်လက်ဆစ် ကလေးတွေကို ကြက်မွေးအရိုး ကြိမ်လုံးဖြင့် ခေါက်ခဲ့ဖူးသည်။ အခုလို အချိန်တွင်မူ စုတ်တံကိုင်၍ ပယ်ပယ်နယ်နယ် အဆီးအတားမရှိ ဆေးသုတ်နေရသောအခါ ကျေကျေနပ်နပ်ကြီး ခံစားနေရသည်။

ဖေဖေက သူလုပ်မပေးနိုင်ကြောင်း ပြောနေသည့်တိုင် ကျွန်တော်စိတ်မဆိုး။ တကယ်တော့ ဖေဖေသည် သူလုပ်ပေးချင်သော်လည်း နေရာတကာ တလွှားလွှား လုပ်ပေးနိုင်သည့် ... ကျန်းမာရေးမျိုး မရှိတော့သည်လည်း ဖြစ်နိုင်သည်။ ဖေဖေချောင်းဆိုး နေသည်မှာ လအတန်ကြာခဲ့ပြီ။ ညည ဖေဖေချောင်းထဆိုးလျှင် ကျွန်တော် ဆက်အိပ်မရတော့။ ဖေဖေ့ချောင်းဆိုးသံက ကျွန်တော့်ရင်ထဲကို လာလာရိုက်ခတ် နေသလို ခံစားမိသည်။ ချောင်းဆိုးကာလ ရှည်ကြာလာသည်နှင့်အတူ ဖေဖေ့ခန္ဓာကိုယ်လည်း တဖြည်းဖြည်း ပါးလျလာသည်ကို ကျွန်တော် သတိထားမိလာ၏။

ဖေဖေ ခုံတန်းပေါ် ပြန်ရောက်လာသည်။ လက်ထဲမှာ ရိုးရိုးတန်း လက်မှတ် နှစ်စောင် ပါလာသည်။

"သာစည်ရထားက အရင်လာမှာတဲ့ကွ၊ သာစည်နဲ့ပဲ သွားမယ်"

နောက်ထပ် ၁၅ မိနစ်လောက် ကြာသောအခါ ဘူတာက သံချောင်းနှစ်ချက် ခေါက်သည်။ လူတွေ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ အော်သံခေါ်သံတွေ စီခနဲ စူးခနဲ ထွက်ပေါ်လာသည်။ ရထား လာတော့မည်။

"ကဲ ... ထ ထ၊ ကျောပိုးအိတ်လွယ်၊ သေတ္တာကို ဆွဲထုတ်လိုက်"

ဖေဖေလည်း ပြောပြောဆိုဆို ထသည်။

ရထားရပ်ချိန်က သိပ်မကြာ။ မိနစ် အနည်းငယ်မျှသာ ရပ်သည်။ ကျွန်တော်တို့ သားအဖနှစ်ယောက် သံသေတ္တာကြီးနှင့်အတူ ရထားတွဲပေါ် ရောက်သည်နှင့် ရထားဥသြ စဆွဲသည်။ ရထားတွဲတွေ ဒုန်းခနဲ ဆောင့်ရုန်းတုန်ခါ သွားကြသည်။ ပြီးတော့ ရထားက တရွေ့ရွေ့စထွက်လာသည်။

ရထားထွက်သော်လည်း ခရီးသည်တွေမှာ နေရာမကျသေး။ ရထားက ရှမ်းပြည်နယ်မှ ကုန်စိမ်းများနှင့်အတူ ဆင်းလာသည့် ရထားဖြစ်ပြီး ရထားတွဲပေါ်မှာ ရှမ်းပြည်ထွက် ကုန်စိမ်းသီးနှံများ၊ ပန်းစည်းကြီးများနှင့် ပြည့်နှက်နေသည်။ ကုန်စိမ်းဈေးသည်များမှာ ရထားကို ဈေးထဲမှ သူတို့ ဆိုင်ခန်းများပမာ ပိုင်စိုးပိုင်နင်း အသုံးပြုနေကြသည်။ တစ်ယောက်နှင့် တစ်ယောက် ဆိုင်နီးနားချင်း တွေလိုပင် အော်ဟစ်ခေါ်ငင်သလို သူတို့ကုန်ပစ္စည်း အထုပ်အပိုးတွေကို နေရာချချင်သည့် နေရာမှာ ချသည်။ ဘူတာတစ်ဘူတာ ဆိုက်သည်နှင့် သူတို့ကုန်စိမ်း ထုပ်တွေကို ပြတင်းပေါက်တွေမှတစ်ဆင့် ပစ်ပစ်ချတတ်ကြသည်။

ကျွန်တော်တို့ သားအဖမှာ ထိုင်ခုံလက်မှတ်ရ၍သာ နေရာအတည်တကျ ထိုင်ကြရသော်လည်း ကျွန်တော်ကမူ အနေကျုံ့နေသည်။ သူတစ်ပါး အိမ်ပေါ်တက်ထိုင် နေရသလို ခံစားရ၏။ ကုန်စိမ်းသည်တွေ၏ လှုပ်ရှားမှုတွေ၊ နေထိုင်ဟန်ပန် တွေကိုသာ လိုက်ငေးနေမိသည်။ ဖေဖေကတော့ စကားသိပ်မပြောလှ။ ရထားပြတင်း အပြင်ကို ငေးနေသည်သာ များသည်။

ကျွန်တော်လည်း တစ်ချက်တစ်ချက် ဖေဖေ့ကို ကြည့်မိတတ်သည်။ ဖေဖေ ဝတ်ထားသည်က ထုံးစံအတိုင်း ရှပ်အင်္ကျီအဖြူရောင် ကော်လာကတုံး ဖြစ်သည်။ မီးခိုးရောင် တိုက်ပုံအင်္ကျီကို အပေါ်က ထပ်ဝတ်ထားသည်။ ထို တိုက်ပုံမှာ ရန်ကုန်မှ ဖေဖေ့ညီ ကန်တော့ထားခြင်း ဖြစ်၏။ ဖေဖေက သူ့ တစ်သက်တာတွင် ကော်လာကတုံး အဖြူရောင်နှင့် တိုက်ပုံအင်္ကျီကိုသာ စွဲ စွဲမြဲမြဲ ဝတ်သွားခဲ့သူပင်။

ဖေဖေ့မျက်နှာက ချောင်ကျနေသည်။ နဖူးကွင်း ကျယ်ကျယ်ပေါ် ဆံပင် ခွေလိပ်စကလေး အစွန်းထွက်နေပုံမှာ နဂိုအတိုင်း ဖြစ်၏။ ငယ်ငယ်က ဝိ တ်မခဲ့ဖူးသောကြောင့် တင်းတင်းရင်းရင်း ရှိခဲ့သော လက်မောင်းတွေပင် တိုက်ပုံအင်္ကျီလက်တွေထဲ ခပ်ချောင်ချောင် ဖြစ်နေကြသည်။ အခုတစ်လော ဖေဖေ့မျက်နှာမှာ တိမ်ညိုတွေ မကြာမကြာ အုံ့မှိုင်းနေတတ်၏။ မေမေနှင့် မကြာခဏ တိုးတိုးတိုးတိုး တိုင်ပင်ကြ၏။ ကျွန်တော်တို့ ရောက်သွား၍မေး လျှင် "ဘာမှ မဟုတ်ပါဘူး"ဟု လျှောချလိုက်ကြမြဲ။

ကျွန်တော်တို့ သားအဖက ရထားပေါ်မှာပင် နေ့လယ်စာ ဝယ်စားကြ သည်။ ကြက်သားကြော်နှင့် ထမင်းဖြူပေါ် ဆီချက်ဆမ်း၊ မြေပဲဖြူးပေးထား ပြီး သရက်ချဉ် သုပ်လေးပါ ထည့်ပေးထားသည့် နေ့လယ်စာကို ကျွန်တော် စွဲသွားသည်။ ရထားပေါ် ထမင်းရောင်းသူက ဆံပင်အရှည်ကို နောက်လှန် စည်းထားပြီး တီရှပ်အင်္ကျီ လက်မောင်းမှ အတင်းရုန်းကန် ထွက်လာသည့် လက်မောင်းကြွက်သားတွေမှာ တက်တူးတွေ အပြည့်ထိုးထား၏။ ဂင်တို တို၊ အသားညိုညိုနှင့် လူမိုက်ရုပ် ဖြစ်၏။ ကျွန်တော် သူ့ကိုကြည့်ပြီး နည်း နည်းရွံ့သလို ဖြစ်မိသည်။

နောက်ပိုင်းကာလ တွေမှာလည်း ရထားပေါ်မှာ ထမင်းဝယ်စားဖြစ်လျှင် သည်အတိုင်းသာ ဝယ်စားဖြစ်ခဲ့၏။

***

(၂)

ရန်ကုန်ရောက်တော့ မွန်းလွဲနေလေပြီ။ ရထားဆိုက်ရာ ဘူတာပလက်ဖောင်းအထိ ဦးလေး လာကြိုနေသည်။ ဦးလေးသည် ဖေဖေ့ညီလေးယောက်အနက် အကြီးဆုံးဖြစ်ပြီး ရန်ကုန်၌ ဌာနဆိုင်ရာ ရာထူးတစ်ခုဖြင့် အခြေတကျ ဖြစ်နေသူပင်။ ဦးလေးက အရပ်မြင့်မြင့်၊ ကိုယ်လုံးပြည့်ပြည့်ဖြစ်ပြီး ဖေဖေတို့ ညီအစ်ကို တစ်တွေ၏ အမှတ်တံဆိပ်အတိုင်း နဖူးကွင်းကျယ်သည်။ ဦးလေးမှာ ပြုံးရွှင်သော မျက်နှာထားရှိပြီး ချိုသာရည်မွန်စွာ စကားပြောဆို တတ်သူလည်း ဖြစ်သည်။

စကြံပလက်ဖောင်းမှ ထွက်လိုက်သည်နှင့် ကားသော့တွဲလေးတွေ တယမ်းယမ်းလှည့်ကာ လူခေါ်နေသည့် တက္ကစီဆရာတွေကို ထိပ်တိုက်ရင်ဆိုင် ကြရသည်။ တချို့က ခေါင်းယမ်းငြင်းဆန်ရင်း ဖြတ်ကျော်သွားကြသည်။ တချို့က ဈေးဆစ်နေကြသည်။ ဦးလေးက တက္ကစီတစ်စီး ငှားသည်။ ကားက အပြာရောင်ဖြစ်ပြီး အတော်အတန် ဟောင်းနွမ်းနေပြီ။ ကားဒက်ရှ်ဘုတ် အောက်ပိုင်းမှာ ကာဗာတွေပင် မရှိတော့ဘဲ ဝါယာကြိုးတွေကို အတိုင်းသား မြင်နေရသည်။ ထိုင်ခုံဆိုဖာ တွေမှာလည်း အပေါက်အပြဲများနှင့် ဖြစ်ပြီးကား ထွက်သည်နှင့် တဂျောင်းဂျောင်း မြည်နေကြသည်။

ဦးလေးက တက္ကစီဆရာနှင့် စကားစမြည် ပြောကြည့်သည်။ တက္ကစီဆရာအများစုမှာ အတွေ့အကြုံစုံပြီး စကားပြောကောင်းသူတွေ ဖြစ်ကြကြောင်း၊ အကြောင်းအရာ မျိုးစုံကို ဆွေးနွေးနိုင်သူတွေ ဖြစ်ကြောင်း နောက်ပိုင်းကာလတွေမှာ ကျွန်တော် ပိုမိုသိလာခဲ့၏။ ဖေဖေက ကျွန်တော်တို့မြို့မှ

မိတ်ဆွေလူငယ် တစ်ယောက်လည်း ရန်ကုန်၌ပင် တက္ကစီမောင်းနေကြောင်း ပြောသည်။

"ရန်ကုန်သား မဟုတ်ဘဲ ရန်ကုန်မှာ တက္ကစီမောင်းရတာ ဘယ်လွယ်လိမ့်မလဲ"

ဖေဖေက ထပ်မံ၍ မှတ်ချက်ချသည်။ သူ့မြို့သားတွေ မြို့ကြီးပြကြီးမှာ လည်ဝယ် နှံ့စပ်နေကြောင်း ဂုဏ်ယူစွာ အသိပေးခြင်း ဖြစ်နိုင်သည်။ တကယ်တော့ ဖေဖေ့ဇာတိက တောင်ငူ ဖြစ်သည်။ တောင်ငူမှာပင် ကျောင်းနေခဲ့သည်။ သို့သော် အသက် ၁၉ နှစ်မှစ၍ တောင်ငူနှင့် မိုင် ၅၀ နီးပါးဝေးလံသည့် ကျွန်တော်တို့ မြို့ကလေးဆီ အစိုးရ အလုပ်တာဝန်ဖြင့် ရောက်ရှိလာခဲ့ရာ မေမေနှင့် အိမ်ထောင်ပြုပြီး ကျွန်တော်တို့ မြို့သားလုံးလုံးကို ဖြစ်သွားရတော့သည်။ ဇာတိ တောင်ငူက မိဘဆွေမျိုးတွေဆီ အခါကြီး ရက်ကြီးတွေမှသာ ရောက်ဖြစ်သည်က များ၏။

မိနစ်နှစ်ဆယ်လောက် မောင်းပြီးနောက် ဦးလေးတို့အိမ်ကို ရောက်သည်။ ဦးလေးအိမ်က ကန်ထရိုက်တိုက် ခုနစ်လွှာမှ တိုက်ခန်းတစ်ခန်း ဖြစ်သည်။ ရပ်ကွက်ကလေးက အေးချမ်း ဆိတ်ငြိမ်သည်။ ရွှေဘုန်းပွင့် ဘုရားနှင့် နီးသောကြောင့် ဘုရားရိပ် သက်ရောက်နေဟန် ရှိ၏။ လမ်းတစ်ဖက်ထိပ်၌ ဓမ္မာရုံဆိုင်းဘုတ် တစ်ခုကို လှမ်းမြင်နေရသေး၏။

ကျွန်တော်နှင့် ဦးလေးတို့က သံသေတ္တာကြီးကို တစ်ယောက် တစ်ဖက်ဆွဲ၍ ရှေ့က တက်လာကြသည်။ အထပ်မြင့် ဖြစ်သောကြောင့် လှေကားကို အကြိမ်ကြိမ် ချိုးကွေ့နေရသည်။ လှေကားလမ်း တစ်ဝက်လောက် ရောက်သောအခါ နောက်က လိုက်တက်လာသည့် ဖေဖေ့ခြေသံကို မကြားရတော့။ ကျွန်တော် သိလိုက်သည်။ နောက်ရင်း ပြန်ကွေ့ပြီး လှေကားထစ်တွေ အတိုင်း ကမန်းကတန်း ပြန်ဆင်းလာသောအခါ လှေကားထစ် တစ်နေရာ

တွင် ခြေစုံရပ် အမောဖြေနေသည့် ဖေဖေ့ကို တွေ့လိုက်ရသည်။ ဖေဖေ့ ရင်ဘတ်က နိမ့်မြင့် တုန်ခါနေသည်။ ဖေဖေသည် လှေကား လက်ရန်းကို ကိုင်၍ စိတ်ကို အတည်ငြိမ်ဆုံး စုစည်းကာ အသက်ကို မှန်မှန်ရှူနေသည်။ ကျွန်တော်က ဖေဖေ့ဘေးမှာ ယှဉ်ရပ်ပြီး ဖေဖေ အမောပြေသည်အထိ စောင့်နေလိုက်သည်။ မကြာခင် ဦးလေးလည်း သေတ္တာထားပြီး ပြန်ဆင်း လာသည်။

ကျွန်တော်တို့ ဖေဖေကို စောင့်တွဲရင်း ခပ်ဖြည်းဖြည်း တက်လာကြသည်။ ဖေဖေ ဘာကြောင့် မောသည်ကို ကျွန်တော်ရော ဦးလေးပါ မမေးမိကြ။ မ မေးမိရန်ကိုပင် တမင် သတိထား ကြရသည်။ ဖေဖေကလည်း ဘာမှမ ပြော။ သို့သော် ဘာမှ မပြောမိခဲ့ကြသော ထိုတိတ်ဆိတ် ခြင်းထဲတွင် မီးတောင်ကြီးတစ်ခု သန္ဓေတည်နေကြောင်း ကျွန်တော်တို့ ကိုယ်စီ နားလည်နေကြလေသည်။

ဖေဖေ့မှာ နှလုံးရောဂါ ရှိနေကြောင်း လွန်ခဲ့သော တစ်လခန့်ကမှ ကျွန်တော်တို့ သိခဲ့ကြသည်။ ဌာနတွင်း ဝန်ထမ်းအင်အား မလုံလောက်မှု၊ တွဲဖက်ယူထားရသည့် တာဝန်တွေ များပြားမှု၊ စိတ်ရှုပ်ပေါက် စီမံကိန်း များ၏ ကြားခံသားကောင် ဖြစ်နေမှုတို့၏ ရလဒ်အဖြစ် ဖေဖေ့မှာ နှလုံးရောဂါ ရခဲ့ခြင်း ဖြစ်လိမ့်သည်။

ဦးလေးဇနီးက ဦးလေးလိုပင် တုတ်တုတ်ခိုင်ခိုင် ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ မျက်လုံးကြည်သည်။ အသံအောင် သည်။ ပွင့်လင်းသည်။ ဖေဖေ့ကို ဦးလေးက ရိုသေအလေး ထားသကဲ့သို့ အန်တီကလည်း အလေးထားသည်ကို ကျွန်တော် သတိထားမိ၏။

ညနေခင်း ထမင်းစားပြီးသောအခါ ကျွန်တော်တို့ ရွှေတိဂုံဘုရား သွားကြ သည်။ ဘုရားအသွားတွင်လည်း တက္ကစီစီးရာ တက္ကစီဒရိုင်ဘာ တစ်

ယောက်၏ နှုတ်ဆက်မှုနှင့် အပြောအဆိုကို ပိုသတိ ထားမိသွားသည်။ တက္ကစီဆရာက ညပိုင်းတက္ကစီ ဆွဲရသည်မှာ မလွယ်ကူကြောင်းနှင့် ပတ်သက်၍ သူ့ကိုယ်တွေ့ပါဟု ခေါင်းစဉ်တပ်ထားသော ဖြစ်ရပ်တစ်ခုကို ကားမောင်းနေရင်း ပြောပြသည်။

"တစ်ညပေါ့ဗျာ ..... ကျွန်တော့်ကားကို အမျိုးသမီးတစ်ယောက် တားစီးတယ်၊ အသက်လေးဆယ် ဝန်းကျင်လောက်ပေါ့ဗျာ၊ တောင့်တောင့်ဖြောင့်ဖြောင့် သားသားနားနားဗျ ... အဲ ... ဒီလိုနဲ့ သူမောင်းခိုင်းတဲ့ဆီ မောင်းနေရင်း ဘာပြောသလဲဆိုတော့ ...."

ကားဆရာက စကားကို ခဏဖြတ်သည်။ နောက်စကားအတွက် အရှိန်တင်လိုက်သည်နှင့် တူသည်။ ကျွန်တော်က နောက်ခန်းမှာ ထိုင်နေသောကြောင့် ကားဆရာမျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။

"ဒီက အစ်မကိုလည်း ကန်တော့ပါရဲ့ဗျာ၊ ဘာပြောသလဲဆိုတော့ ငါ့မောင်ရယ်တဲ့၊ အစ်မက အိမ်ထောင်နဲ့ ကွဲနေတာ ကြာပြီတဲ့၊ ရှင်းရှင်းပြောရရင် အစ်မမှာ အခုဆန္ဒဖြစ်နေတယ်၊ အဲဒါ ငါ့မောင် ဖြည့်ဆည်းပေး နိုင်မလားတဲ့၊ ဟာဗျာ အဲဒီလိုကြီးကို ဖွင့်ပြောတာ"

ရုတ်တရက် ကျွန်တော် ကြောင်သွားသည်။ ကျွန်တော်နှင့်အတူ ထိုင်နေကြသော ဦးလေးနှင့် အန်တီမှာ"အင်း"လုံးပေါင်းများစွာ အလှည့်ကျ လိုက်နေရာမှ ကားဆရာ၏ ရင်ဖွင့်စကားကြီးကြောင့် ဦးလေး၏ "အင်း"လိုက်သံသာ ခပ်ကျဲကျဲ ထွက်လာတော့သည်။

ထို့နောက် ကားဆရာက သူ့မှာ အိမ်ထောင်အပေါ် သစ္စာရှိသောကြောင့် ငြင်းဆန်ပြီး ထိုအမျိုးသမီးကို ကားပေါ်မှ ချက်ချင်း မောင်းချလိုက်ကြောင်း ပြောပြပြီး သူ့ကိုယ်တွေ့ကို နိဂုံးချုပ်လိုက်သည်။ ကျွန်တော့်မှာ ကားဆရာ၏ နောက်စေ့ကို ငေးစိုက်ကြည့်နေရင်း ကားဆရာ၏ ကိုယ်ကျင့်တရားကို တ

ဖွားဖွား ကြည်ညိုနေမိ၏။ ကားဆရာဘေးမှာ ထိုင်နေသည့် ဖေဖေ့ထံမှမူ မည်သည့်အသံမျှ ထွက်မလာ။

ညချမ်းအချိန် သိင်္ဂုတ္တရ ကုန်းတော်ပေါ်မှာ အေးချမ်းစည်ကား၏။ မီးမောင်းကြီးများကြောင့် ရွှေသင်္ကန်း ကပ်ထားသည့် ရွှေတိဂုံစေတီတော်သည် အချိုးအစားကျနသော ရွှေတောင်ကြီး စုန့်ထွက်နေသည်နှင့်ပင် တူသေး၏။ ကိုယ်စီ မွေးနံ့ထောင့် ဂြိုဟ်တိုင်တွေမှာ ပန်းနှင့်ရေချမ်း သပ္ပာယ်ပူဇော် ကြပြီးသည်နှင့် အန်တီက ကျွန်တော့်အား စိန်ဖူးတော်ကို မှန်ပြောင်းမှ တစ်ဆင့်ကြည့်နိုင်ကြောင်း ပြောပြီး အသင့်ယူလာသော မှန်ပြောင်းလေးကို ထိုးပေးသည်။ ကျွန်တော် ကြည့်သောအခါ ဝေဝါးနေသည်မှအပ ဘာမျှမမြင်ရ။ အန်တီက "တွေ့လား" ဟု မေးသောအခါ ကျွန်တော်က မတင်မကျ ခေါင်းညိတ်ပြလိုက်သည်။ အန်တီက စိန်ဖူးတော် အကြောင်း ချီးမွမ်း ပြောဆိုသောအခါ ကျွန်တော်က ထောက်ခံစကားတွေ လိုက်ပြောသည်။ လိမ်ညာလိုခြင်း ကြောင့်တော့မဟုတ်။ အန်တီက အားတက်သရော တိုက်တွန်းသော အရာတစ်ခုကို ကျွန်တော်က အောင်မြင်အောင် မစွမ်းဆောင်နိုင်သည့်အခါ အားနာသောကြောင့် ဖြစ်သည်။

ဘုရားမှ ပြန်လာသောအခါ ဖေဖေက စကားစသည်။

"စောစောက ကားသမားဟာ မပြောသင့်တဲ့ စကားကို ပြောတယ်ကွ"

ကျွန်တော် ဖေဖေ့စကားကို နည်းနည်း ကျဲမြီး တိုချင်သွားသည်။ ကျွန်တော် အထင်ကြီး လေးစားရသော တက္ကစီဒရိုင်ဘာကို ဒီလို မှတ်ချက်မျိုးပေးတာ သိပ်မကြိုက်ချင်။ ပြီးတော့ ကျွန်တော် ... အထင်ကြီးနေသော တက္ကစီဒရိုင်ဘာ၏ ကိုယ်တွေ့ဖြစ်ရပ် အပေါ်မှာပါ သံသယ ဝင်သွားပြန်သည်။

"ဒီလူတွေကတော့ ဒီအတိုင်းပါပဲ အစ်ကိုကြီးရာ၊ ဟုတ်တာတွေရော၊

မဟုတ်တာတွေရော အကုန်ပြောတာပဲ" ဟု ဦးလေးက ပြောသောအခါ ငြိမ်နေသည့် အန်တီကပါ ထောက်ခံစကား ဆို၏။

ရန်ကုန်ဆိုသည်ကို ကျွန်တော် သိလိုက်သလိုလို ခံစားမိခဲ့သည်။

ညအချိန် အိပ်ကြသောအခါ ကျွန်တော်တို့ သားအဖက အိမ်ရှေ့ဧည့်ခန်းမှာ အိပ်ကြသည်။ ဖေဖေကတော့ ဘာတွေ တွေးနေမည်မသိ။ ဘယ်အချိန်အိပ်ပျော်သွားလဲ မသိ။ ကျွန်တော် အချိန်အတော်ကြာအောင် မျက်စိကြောင်နေမိသည်။ အတွေးတွေက ကျွန်တော့်ကို စတင်ဖိစီးစ ပြုလာလေပြီ။ ကျွန်တော့်ပခုံးပေါ် အလိုလို ရောက်လာသည့် မိသားစု အနာဂတ်အကြောင်း စတင်တွေးမိလေပြီ။ လမ်းပေါ် စလျှောက်ရတော့မည်။ အိမ်မှာဘယ်ဘက်တစ်ခြမ်း လေဖြတ်ခံထားရသည့် မေမေ့မျက်နှာ၊ ကျွန်တော့် အလုပ်ကိစ္စအတွက် ပထမဆုံး အရင်းအနှီး ဖြစ်သွားရသည့် မေမေ့ ပန်းလက်ကောက်လေးတွေ၊ ဆယ်တန်းအောင်ပြီး၍ အဝေးသင် တက္ကသိုလ်တက်ရန် စောင့်ရင်း စက်ချုပ်သင်နေသည့် မမ၊ ဆယ်တန်းတက်စ ညီငယ်။ ပြီးတော့ ကျွန်တော့်ကို အားကိုးတကြီး ယုံကြည်စွာ ပုံအပ်လိုက်ကြသည့် မိသားတစ်စုလုံး၏ အကြည့်တွေက ကျွန်တော့် မျက်လုံးထဲမှာ စေးကပ် တွယ်နေကြပြီ။

ဘယ်အချိန် အိပ်ပျော်သွားမှန်း သတိမထားမိလိုက်။ ဖေဖေ့ခေါ်သံ ကြားတော့မှ ပြန်နိုးလာသည်။ ဘုရားစင်မှ မီးရောင်ပျပျကို မြင်နေရသည်။ မိုးမလင်းသေး။

"လူလေး၊ ဖေဖေ သွားတော့မယ်နော်"

ခြင်ထောင်အပြင်က ဖေဖေ့မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။ ကျွန်တော် လဲလျောင်း နေရာဆီ ငုံ့ကိုင်းထားသည်ကိုတော့ သိနေ၏။

"ဟုတ်ကဲ့ ဖေဖေ၊ ဟုတ်ကဲ့"

ကျွန်တော် ကမန်းကတန်း ပြန်ပြောလိုက်သည်။ ထမကြည့်ဖြစ်။ ထပြီး နှုတ်မဆက်ဖြစ်။ ဦးလေးက ဖေဖေ့ကို ဘူတာအထိ လိုက်ပို့လိမ့်မည်။ တံခါးဖွင့်သံ၊ ပိတ်သံ၊ ဖေဖေနှင့် ဦးလေးတို့၏ စကားပြောသံ၊ ပြီးတော့ လေ့ကားထစ် ရှည်ရှည်ကြီးအတိုင်း တစ်ကွေ့တစ်ပတ်ကြီး ဆင်းသွားကြသည့် ခြေသံများ။

ခြေသံတွေ ပျောက်သွားသည်။ ကျွန်တော် ထမကြည့်ဖြစ်။ ဆက်အိပ်ရန်သာ ကြိုးစားနေမိသည်။ သို့သော် အိပ်မပျော်။ "ကျွန်တော်ဘာကြောင့် ဖေဖေ့ကို ထမကြည့် ဖြစ်ခဲ့တာပါလိမ့်"ဟု ပြန်တွေးမိသည်။ ဖေဖေကရော ကျွန်တော်ထပြီး နှုတ်ဆက်သည်ကို မျှော်လင့် ခဲ့လေမလား။ ကျွန်တော် မှားသွားသလား။ စိတ်ထဲမှာ မတင်မကျ။ တကယ်တော့ ကျွန်တော် ဟန်ဆောင်ခဲ့ခြင်း ဖြစ်နိုင်သည်။ စိတ်ဓာတ် ခိုင်မာရင့်ကျက်နေပြီ ဖြစ်ကြောင်း၊ လောကသစ်ကို ရင်ဆိုင်ရန် အသင့်ဖြစ်နေကြောင်း၊ မိဘနှင့် ခွဲခွာရခြင်းလောက်ကို မမှုကြောင်း သက်သေပြရန် ကြိုးစားခဲ့ခြင်းသာ ဖြစ်သည်။ သည်အပြုအမူသည် နောင်တစ်နေ့ ကျွန်တော့်အတွက် နောင်တတစ်ခု ဖြစ်လာလေ မလားဟုလည်း သံသယ ဝင်နေမိ၏။

အိပ်ရာထသောအခါ ပြတင်းပေါက်က ကြည့်လိုက်သည်နှင့် ရွှေဘုန်းပွင့်စေတီကို ဖူးမြင်ရသည်။ သရက်ပင်ကိုင်း တချို့က တိုက်ခန်းရှေ့ ဝရန်တာအောက်မှာ ခေါင်းငုံ့ထားကြသည်။ ကျေးငှက်တချို့ ကားတွေ၊ လူတွေကို အပေါ်စီးမှ လှမ်းမြင်နေရပုံသည် ကျွန်တော့်မျက်လုံးတွေ အတွက် အသစ်အဆန်း ဖြစ်နေ၏။ ဆွဲဆွဲငင်ငင် ထူးထူးဆန်းဆန်း အော်ဟစ်သွားကြသည့် ပဲပြုတ်သည် အော်သံ။ မြို့ပြမနက်ခင်း တစ်ခင်း၏ အိပ်ရာထလူးလွန့် သမ်းဝေလိုက်ကြသော အသံများပင် ဖြစ်၏။

အန်တီက ခေါင်းလောင်းကြိုးမှ တစ်ဆင့် ပဲပြုတ် ဝယ်ထားသည်။ မနက်

စာကို အိမ်မှာပင် ထမင်းစားလိုက်ကြ၏။ ပြီးတော့ ဦးလေးနှင့် ကျွန်တော် အပြင်ထွက်ရင်း "မောင်အေး ကဖီး"မှာ လက်ဖက်ရည် ဝင်သောက်ကြသည်။ မကြာခင် ဦးလေး၏ သူငယ်ချင်း ရောက်လာ၏။

ဦးလေးသူငယ်ချင်း နာမည်က ဦးမောင်တင့်ဖြစ်သည်။ အရပ်မြင့်မြင့်၊ မျက်လုံးပြူးပြူးနှင့် ခါးလယ်နေရာမှာ ရေအိုးတစ်လုံးထည့်၍ ပုဆိုးဝတ်ထားသလို ဗိုက်ရွဲနေသည်။ နှုတ်ခမ်းမွေး ခပ်ကျဲကျဲ။ နနွင်းရောင်တောက်တောက် သားရေဘေးလွယ်အိတ်လေး တစ်လုံး လွယ်ထားသေးသည်။ အသံအောအောနှင့် စကားကို အားရပါးရ ပြောတတ်ပြီး သူပြောသည့် စကားအား လက်မခံသည်ကို လက်ခံအောင် အတင်းအဓမ္မ ပြောတတ်သည်။ ကျွန်တော် သင်္ဘောသား တစ်ယောက် ဖြစ်လာရန် ပထမဆုံး ခြေလှမ်းအဖြစ် သင်္ဘောကျောင်း တစ်ခုမှာ ပညာသင် လုပ်သက်ယူခဲ့ရသည်မှာ သူ့ဝန်ဆောင်မှုကြောင့်ဟု သိရသည်။ သူကလည်း ... ဒီလိုအလုပ်အတွက် ဂုဏ်ယူပုံရသည်။ ကျွန်တော်ကလည်း -

ဦးမောင်တင့်ကို အရေးပါသူ တစ်ဦးအဖြစ် မြင်နေခဲ့သည်။ ဦးလေးက ကျွန်တော့်အတွက် အဆောင်ရှာရန် ဦးမောင်တင့်နှင့် အပ်ထည့်ပေးလိုက်သည်။ ဦးမောင်တင့် လက်ညှိုးညွှန်ပြသည့် ကားကို စီးခဲ့ကြသည်။ ဦးမောင်တင့် ထိုင်သည့် ခုံဘေးမှာ ထိုင်သည်။ မြောက်ဥက္ကလာ ခြောက်ကွေ့မှတ်တိုင်မှာ ဆင်း၍ ဆိတ်ငြိမ်လမ်းကျဉ်းလေး တစ်ခုတည်း လျှောက်ဝင်သွားကြသည်။ အုတ်တံတိုင်း မြင့်မြင့်ကြီးတွေ ကာရံထားသည့် ခြံဝင်းကျယ်ကြီးတွေကို တွေ့ရသည်။ အုတ်တံတိုင်း မြင့်မြင့်ကြီးတွေပေါ် သံဆူးကြိုးတွေ အပြင် ပုလင်းကွဲစတွေကိုပါ ထိုးထိုးထောင်ထောင် မြှုပ်နှံထားကြ၏။ နွယ်ပင်တွေက အုတ်တံတိုင်းတွေပေါ် ပြေးလွှားတက်နေလျက်။

"မင်းနာမည် ဘယ်သူ ..."

ဦးမောင်တင့်က လမ်းသွားရင်း မေးသည်။

"အောင်ကျော်မိုးပါ"

"အောင်ကျော်သူ ... ဟုတ်လား"

သူက မျက်မှောင်အနည်းငယ် ကြုတ်ပြီး ထပ်မေးသည်။ ကျွန်တော်က သူ့အမှားကို ပြင်ပေးလိုက်သော်လည်း မကြာခင်အတွင်း သူကျွန်တော့် အမည်ကို ခေါ်သောအခါ "အောင်ကျော်သူ၊ သို့မဟုတ် အောင်ကျော်ကျော်" စသည့် နာမည်အမှား တစ်ခုခု ဖြစ်နေတတ်ပြန်သည်။ ပထမပိုင်းတွေမှာတော့ ကျွန်တော်က လိုက်လိုက် ပြင်ပေးသေးသည်။ နောက်ပိုင်း ကျွန်တော် ပြင်မပေးတော့။ သူ ဘယ်နာမည်ခေါ်ခေါ် ကျွန်တော့်ကို ရည်ညွှန်းခေါ်သည်ဟု နားလည်ရန်သာ အရေးအကြီးဆုံးဟု ကျွန်တော် ယူဆလိုက်သည်။

"မင်းဦးလေးနဲ့ ငါနဲ့က သိပ်ခင်တာကွ သိလား"

"ဟုတ်ကဲ့"

"မင်းဦးလေးတို့ လင်မယားက ဘာလို့ ကလေးမရ သေးတာလဲ"

"ကျွန်တော် မသိဘူးလေ"

"မင်းက လူကောင် နည်းနည်းသေးနေတယ်ကွ"

ဦးမောင်တင့်က ကျွန်တော့်ကို လှည့်ပြီး မှတ်ချက်ချသည်။ ဒီစကားကိုမူ ကျွန်တော် "စကားထောက်" မလုပ်တော့။ စကားပြန် မပေးတော့။ သို့သော် ငြင်း၍လည်း မဖြစ်။ နောက် တစ်နှစ်ခန့်အကြာ လမ်းဘေး ပလက်ဖောင်းပေါ်မှာ ပိုက်ဆံ ၂၀ ပေး၍ ပေါင်ချိန်ကြည့်သော အခါ၌ ၉၇ ပေါင်သာရှိကြောင်း တွေ့လိုက်ရသည်။

ဦးမောင်တင့်က မကြာခင်မှာပင် စကားကို နောက်တစ်ကျော့ ပြန်ပတ်လာပြန်၏။

"မင်းဦးလေးနဲ့ ငါနဲ့ အရမ်းခင်တာကွ၊ သိလား"

ဦးမောင်တင့်က မြောက်ဥက္ကလာနှင့် ပတ်သက်၍ နှုတ်စပ်ပုံရသည်။ အတွင်းရပ်ကွက်ထဲသို့ ရောက်လာသည်။ တချို့လမ်းတွေက ကျောက်ကြမ်းလမ်း မညီမညာလေးတွေ။ တချို့ နေရာတွေက နယ်မြို့လေးတွေမှာ တွေ့ရသည့်အတိုင်း ခြံဝင်းကျယ်ကျယ် ပြန့်ပြန့်များ ဖြစ်ကြ၏။

ကျွန်တော်တို့ ခြံဝင်းတစ်ခုတည်းသို့ ဝင်လာခဲ့ကြသည်။ ခြံဝင်းထဲမှာ တခြားအိမ် နှစ်လုံးခန့်လည်း ရှိနေသည်။ သူက ခြေတံရှည် သစ်သားအိမ်လေးဆီ မေးငေါ့ပြသည်။

"ဟိုအိမ်ကွ"

ကျွန်တော် စိတ်ပျက်သွားသည်။ ခြေလှမ်းတွေ လေးလံသွားသည်။ အိမ်ကလေးက ခြေတံရှည် ခပ်ယိုင်ယိုင်ကလေး။ သုံးပင်နှစ်ခန်း အိမ်ကလေး။ အိမ်အောက်ထပ်မှာ အခန်းတွေ ရနိုင်သ၍ ဖန်တီးထားသည်။ အိမ်အောက်နောက်ဘက်နားက မီးဖိုဘေးမှာ အမျိုးသမီးတစ်ယောက်။ ထမင်းအိုး ဆန်ဆေးနေသည်။

"အဆောင်ရှိသေးလားဗျ၊ အဆောင်ကြည့်ချင်လို့"

အမျိုးသမီးက လှည့်မကြည့်ဘဲ "အင်း" လိုက်သည်။

"တစ်ယောက်ခန်းက ဘယ်လောက်လဲ"

အမျိုးသမီးက ဆန်ဆေးရေ သွန်နေရာမှ လှည့်မကြည့်ဘဲ ပြန်ဖြေသည်။

"တစ်ယောက်ခန်းကတော့ မရှိတော့ဘူး၊ အပေါ်ထပ် နှစ်ယောက်ခန်းမှာ ခုတင်တစ်လုံး လွတ်နေသေးတယ်၊ လခက သုံးထောင်"

ဦးမောင်တင့် တွေသွားပြီး ကျွန်တော့်ကို လှည့်ကြည့်သည်။ ဖြစ်ပါ့မလား ဆိုသောသဘော။ ကျွန်တော်က ဝေခွဲမရစွာ ပြန်ကြည့်သည်။ ရန်ကုန်သည်

ကျွန်တော်နှင့် အစိမ်းသက်သက်။ ရန်ကုန်နှင့် ပတ်သက်၍ ကျွန်တော်ဘာမျှ မဆုံးဖြတ်တတ်သေး။ ကျွန်တော့်မှာ ဒီအဆောင်ကိစ္စနှင့် ပတ်သက်၍လည်း ဘာအဖြေမျှ မရှိ။

"တက်ကြည့်လို့ ရမလား အစ်မ"

"ရတယ်လေ၊ ကြည့်ပေါ့"

လှေကား ခပ်သေးသေးအတိုင်း ကျွန်တော်တို့ တက်လာခဲ့ကြသည်။ ခေါင်းရင်းနေရာမှာ ဖွဲ့စည်းထားသော အခန်းဖြစ်သည်။ အခန်းက နှစ်ယောက်အိပ်ခုတင် တစ်လုံးစာမျှ ကျယ်ပြန့်ပြီး တစ်ယောက်အိပ်၊ ကွပ်ပျစ်လေး နှစ်လုံးကို တစ်ပေမျှခွာ၍ နေရာချထားသည်။ အခန်းထဲ အမှောင်တွေ ပြည့်နေသည်။ ခုတင်တစ်လုံးမှာ နေထိုင်နှင့်ပြီးသော အဆောင်သား တစ်ယောက်က ရေးချိုးပြီး၍ အင်္ကျီလဲနေသည်။ ကျွန်တော်တို့ အခန်းဝမှ ကြည့်ရှုနေကြသည်ကို အသိအမှတ် မပြုသလို မမြင်ဟန် ဆောင်နေသည်။ သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေနေသော အခန်းသို့ နောက်ထပ် လူသစ်တစ်ယောက် ဝင်လာမည်ကို လိုလားပုံ မရသည်လည်း ဖြစ်နိုင်၏။ အခန်းတွင်း ဖွဲ့စည်းမှု၊ အခန်းဖော်အဖြစ် ပတ်သက်ရမည့် လူတစ်ယောက်၏ အမူအရာတို့ကြောင့် ဦးမောင်တင့် ဒီအခန်းကို မရွေးပါစေနှင့်ဟု ဆုတောင်းနေမိသည်။

"အခန်းကတော့ မြင်တဲ့အတိုင်း ချောင်ချောင်ချိချိပဲ၊ ည ဆယ်နာရီအထိ လျှပ်စစ်မီးပေးတယ်၊ ဖယောင်းတိုင် မသုံးရဘူး၊ ချက်စားလို့ မရဘူး"

စောစောက အမျိုးသမီး ကျွန်တော်တို့နောက် ရောက်လာပြီး အဆောင်စည်းကမ်း ချက်တွေကို ရွတ်ပြနေခြင်း ဖြစ်သည်။ ဦးမောင်တင့် ခေါင်းယမ်းပြီး ပြန်ထွက်ခဲ့ကြသည်။

"မနက်ဖြန် ထပ်လာကြည့်ပါဦးမယ် အစ်မ" ဟု စကားလှလှလေးတော့

ချိတ်ထားခဲ့သေး၏။

"ရန်ကုန်မှာ မင်းတို့နယ်လို မဟုတ်ဘူးကွ ငါ့တူရ၊ ကျောတစ်နေရာစာရဖို့ သိပ်ခဲယဉ်းတယ်"

ဦးမောင်တင့်က သူ့ကိုယ်ကို တလှုပ်လှုပ် သယ်ဆောင်ရင်း ကျွန်တော့်ကို အဆောင်တရား စတင်ဟောသည်။ ကျွန်တော်က သူပြောမှ တအံ့တသြ သိရှိသွားရသည့် အမူအရာကို လုပ်ယူကာ "ဟုတ်ကဲ့" ပေါင်းများစွာ စကား ထောက်၍ ခေါင်းကို အကြိမ်ပေါင်းများစွာ ညိတ်ရသည်။

ဦးမောင်တင့်က တခြားရပ်ကွက် တစ်ခုတည်းရှိ ခြံဝင်းကျယ်ကြီးထဲ ဝင် သွားပြန်သည်။ ခြံဝင်းမှာ အတော်အတန် ကျယ်ပြန့်၍ အိမ်သုံးအိမ်ခန့် ခပ် ကျဲကျဲ တည်ဆောက်ထားပြီး တုံကင်ရေတွင်းဘေးမှာ လူငယ်တစ်ယောက် ရေချိုးနေသည်။ ဦးမောင်တင့်က နှစ်ထပ်တိုက်အိမ်ကို ဦးတည်သွားရင်း သူ့ မိတ်ဆွေအမည်ကို တကြော်ကြော် ခေါ်လိုက်သောအခါ ကျွန်တော်တို့ အရွယ် ကောင်မလေး တစ်ယောက်၏ မျက်နှာက သံဘာဂျာတံခါးဝမှာ ပေါ်လာသည်။ ကောင်မလေးက အသားဖြူဖြူ၊ မျက်နှာချိုချိုဖြစ်ပြီး ... ရှက်ကိုးရှက်ကန်း အမူအရာလေးကို မဖုံးဖိနိုင်ရှာ။

"မရှိဘူး ဦး၊ အပြင်သွားကြတယ်၊ ညနေမှ ပြန်ရောက်ကြမှာ"

"သြော် ... ဒီမှာလေ နယ်က ကောင်လေးတစ်ယောက် အဆောင်နေချင် လို့ပါကွာ၊ အခန်းရှိသေးရဲ့လား"

ကောင်မလေးက ကျွန်တော့်ကို အကဲခတ်သလို ဖျတ်ခနဲ ကြည့်သည်။

"ဟုတ်ကဲ့ဦး တခြားအခန်းတွေတော့ ပြည့်နေပြီ၊ ဒီဘေးက အခန်းတော့ လွတ်နေသေးတယ်"

ကောင်မလေး ညွှန်ပြသည်က တိုက်ခြေရင်းမှာ တွဲကပ်ထားသည့်

ကားဂိုဒေါင်ကြီး။ ဗုဒ္ဓေါ။ ဦးမောင်တင့် ပူပူနွေးနွေး ဟောထားသည့် ရန်ကုန်ကျောတစ်နေရာစာ တရားဒေသနာကို ချက်ချင်း သတိရသည်။ ကားဂိုဒေါင်ဖြစ်သည့်အတိုင်း အဖွင့်၊ အပိတ်ကို သွပ်ပြားကပ် ကဲလားကြီးမ၍ သစ်သားတစ်ချောင်းဖြင့် ထောက်တင်ထားသည်။ သမံတလင်းက ခပ်ကြမ်းကြမ်းဖြစ်၍ အစိုဓာတ်ငွေ့ငွေ့ ပြန်နေသည်။ ပြတင်းပေါက် မရှိ။

"နေမယ်ဆိုရင်တော့ ပြန်ပြင်ပေးမယ် ပြောပါတယ်"

ကောင်မလေးက ထပ်လောင်း အတည်ပြုသည်။ ဦးမောင်တင့်က ဒီတစ်ခါ ကျွန်တော့်ဘက်လှည့်၍ ကျွန်တော့်မျက်လုံးထဲက ဆုံးဖြတ်ချက်ကို မရှာဖွေတော့။ စောစောကအတိုင်း မနက်ဖြန် ပြန်လာဦးမည်ဖြစ်ကြောင်း၊ သူ့မိတ်ဆွေကို သူက မေးတဲ့အကြောင်း ပြန်ပြောပေးရန် ကောင်မလေးကို မှာကြားပြီး ထွက်ခဲ့ကြသည်။ ပြီးတော့ "ရန်ကုန်မှာ ကျောတစ်နေရာစာရဖို့ မလွယ်ဘူးကွ" ဟု စကားဟောင်း အစကို ပြန်ကောက်သည်။ လမ်းလျှောက်ရင်း ပျင်းသလိုလို ရှိလာပုံရလျှင် "မင်းဦးလေး ဘာလို့ ကလေးမမွေးသေးတာလဲကွ" ဟု စသလိုလို နောက်သလိုလို ခပ်ရွှင်ရွှင် ထပ်မေးပြန်သည်။ ကျွန်တော့်အမည်ကို "အောင်ကျော်သူလိုလို ဘာလိုလို" ထပ်မှားခေါ်ပြန်သည်။

ထိုနေ့က ရန်ကုန်မြေပေါ် ကျောတစ်နေရာစာ ရှာဖွေခြင်း လုပ်ငန်းအားရပ်နားလိုက်ကြ၏။

ညအိပ်ရာဝင်သောအခါ ဖေဖေ ပြန်သွားသောကြောင့် ကျွန်တော်တစ်ယောက်တည်း အိပ်ရသည်။ ရန်ကုန်မြေ၏ အစိမ်းရောင်ကဲသော မျက်နှာတွေ၊ သတ္တုသံ မြည်နေသော အသံတွေကို ပြန်ကြားရင်း အားအင်ဆုတ်ယုတ်သွားသလို ခံစားရသည်။ ဦးမောင်တင့် တဖွဖွ ပြောခဲ့သည့် "ရန်ကုန်မြေမှာ ကျောတစ်နေရာ" တရားကို တစိမ့်စိမ့် နှလုံးသွင်းနေမိသည်။

***